# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၈] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၉/၂၀၂၁)**

**ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှ ကာလပတ်လုံး ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ ပုဒ်မ ၅ ပါ **ဝန်ကြီးအား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း** ဟူသည့် စကားရပ်အစား **ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ပေးအပ်သည့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း** ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပုဒ်မ ၃၅၊ ပုဒ်မ ခွဲ(ဂ)၏ နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဃ) ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ မြို့နယ်စည်ပင်အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၄) ဦး၏ လျာထား အမည်စာရင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

( င ) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်စည်ပင်အမှုဆောင်အရာရှိမှ တင်ပြလာသည့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၄) ဦး၏ လျာထား အမည်စာရင်းကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၃) ဦးအား ယာယီတာဝန်ပေးအပ်နိုင်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၀/၂၀၂၁)

## ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေ၏ အခန်း(၃)ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၁/၂၀၂၁)

### စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၏ အခန်း (၄) ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၂/၂၀၂၁)

### တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ၏ အခန်း (၄) ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၁၀၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရဒေါက်တာဗညားအောင်မိုး အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၁၀၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ် များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်လိုက်သည်-

(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၂) ဦးရွှေကြိမ်း

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၀၇/ ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးရွှေကြိမ်း **အစား** ဦးခင်ဇော်လှိုင် အား ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၀၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်)

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြင့်ဦး

(၂) ဦးနေလင်းထွန်း

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၁၀/ ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးဝင်းတည်

(၂) ဦးကျော်စိုးလင်း

(၃) ဦးထွန်းထွန်းဦး

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၁၁၁/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်)

### ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစိုးတင့် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၁၁၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

### လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် (ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက် ) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်-

(က) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက် (လွတ်ရက်မရှိ) ပြစ်ဒဏ်သို့ပြောင်းလဲ ကျခံစေရန်၊

( ခ ) ထောင်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိ ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန် (ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်သို့ ပြောင်းလဲထားသူများ မပါ)၊

( ဂ ) ယခင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲထားသူ များအား ထောင်ဒဏ်နှစ် ၅၀ သို့ ပြောင်းလဲကျခံစေရန်၊

(ဃ) ထောင်ဒဏ်နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ်နှစ် ၄၀ သို့ ပြောင်းလဲကျခံစေရန်၊

( င ) ထောင်ဒဏ်နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံနေရသောပြစ်ဒဏ်၏ လေးပုံတစ်ပုံ အား လျှော့ပေါ့ကျခံစေရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၁၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် အကျဉ်း ကျခံနေကြရသော အကျဉ်းသား / သူ ၂၃၀၄၇ ဦး တို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၁၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ် မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထား သောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသား အကျဉ်းသား/သူ ၁၃၇ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ''နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ် ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်'' ဟူသော စည်းကမ်းသတ်မှတ် ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

**ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**
**(Bagan National Coordinating Committee – BAGANCOM) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နိုင်ရန်အတွက် **ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan National Coordinating Committee – BAGANCOM)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဥက္ကဋ္ဌ<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan National Coordinating Committee – BAGANCOM) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပုဂံယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှု၊ စီမံခန့်ခွဲမှု၊ ဆုံးဖြတ်မှုတို့အား အမျိုးသားအဆင့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်၊

(ခ) ပုဂံအမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုတွင် နိုင်ငံတကာမှ ချမှတ်ပြဋ္ဌာန်းထားသည့် မူဘောင်တို့နှင့် လိုက်လျောညီထွေဖြစ်ရေး ဦးဆောင်လမ်းညွှန်မှုပေးရန်၊

(ဂ) ပုဂံယဉ်ကျေးမှုဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမဖြစ်စေရန်၊ မပျောက်ပျက်အောင် ပူးပေါင်းထိန်းသိမ်းရန်၊ မှတ်တမ်းတင်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံကိန်းကြီးများ၊ စီမံချက်များကြောင့် ပုဂံဒေသရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(င) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်ပတ်သက်သည့် UNESCO နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များ၊ အကြံပြုချက်များအား ညှိနှိုင်းပူးပေါင်းစေ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) UNESCO က သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး "မူ" များ၊ လုပ်ငန်းစဉ်များ၊ စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများအား ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဌာနဆိုင်ရာများနှင့် ဒေသခံများပူးပေါင်းပါဝင်၍ လိုက်နာဆောင်ရွက်စေရေး အကြံပေးကြီးကြပ်ရန်၊

(ဆ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ လူမှုအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ လူမှုစီးပွားအကျိုးအမြတ်များရရှိရေးအတွက်လည်းကောင်း၊ သတင်းအချက်အလက်များဖလှယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) ပုဂံယဉ်ကျေးမှုအမွေအနှစ်နေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများ သိရှိလိုက်နာစေရန် ကြီးကြပ်မှုပေးခြင်း၊ အသိပညာပေးခြင်း၊ ဟောပြောပို့ချခြင်း၊ ပူးပေါင်းပါဝင်အောင်လှုံ့ဆော်ခြင်း စသည်တို့ကို ဆောင်ရွက်ရန်၊

(ဈ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရာ၌ အမျိုးသားအဆင့်တွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်အောင် အခြေခံအဆင့် လုပ်ငန်းစဉ်နှင့် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊

(ည) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရေးတို့အတွက် ရန်ပုံငွေများစီမံခန့်ခွဲရန်၊

(ဋ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမိန့်၊ အဆောက်အအုံ ဆောက်လုပ်ရာ၌ လိုက်နာရမည့် သတ်မှတ်ချက်များဆိုင်ရာအမိန့်၊ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာအမိန့်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန်။

၃။ ကော်မတီသည် လိုအပ်သောဒေသအလိုက် စီမံခန့်ခွဲမှုကော်မတီများ၊ ပူးပေါင်းဆောင်ရွက်မှုကော်မတီများ၊ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF)**
**အကောင်အထည်ဖော်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်တွင် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာ နေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် လစဉ်ပင်စင်ထောက်ပံ့ပေးနိုင်ရေးတို့အတွက် **ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) အကောင်အထည်ဖော်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| ( ဂ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း<br>ကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဝန်ထမ်းရေးရာဦးစီးဌာန
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပင်စင်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ပင်စင်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရေရှည်တွင် တည်တံ့ခိုင်မြဲသည့် အမျိုးသားပင်စင်စနစ် (National Pension System) ပေါ်ပေါက်ကျင့်သုံးခြင်း၊

(ခ) လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်၊ လူမှုဖူလုံရေးစနစ်နှင့် သက်ကြီးရွယ်အိုထောက်ပံ့မှုစနစ်များအရ မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေပုံစံမူကြမ်းဖော်ဆောင်ခြင်း၊

(ဂ) လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်အား ပိုမိုထိရောက်စွမ်းဆောင်ရည်ရှိပြီး မှီခိုအားထားနိုင်သည့် အမျိုးသားပင်စင်စနစ် ဖြစ်ပေါ်စေခြင်း၊

(ဃ) ဝန်ထမ်းတို့၏ဘဝနေရေးအတွက် ဝန်ထမ်းနေရေးဗဟိုရန်ပုံငွေကိုအခြေခံ၍ခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲခြင်း၊

( င ) အငြိမ်းစားလစာများပေးအပ်ရာတွင် ဘဏ္ဍာရေးအရ ရေရှည်ခံနိုင်ဝန်အားရှိစေရေးအတွက် အလေးပေး ဆောင်ရွက်ခြင်း၊

( စ ) ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံရှိသည့် အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဝန်ထမ်းနေရေးဗဟိုရန်ပုံငွေဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဇ ) ဝန်ထမ်းနေရေးဗဟိုရန်ပုံငွေအတွက် ဆက်လက်အကောင်အထည်ဖော်နိုင်သည့် Master Plan နှင့် Action Plan အရ ဆက်လက်ဆောင်ရွက်ခြင်း၊

( ဈ ) Master Plan နှင့် Action Plan များအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ ကော်မတီသည် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ တားဆီး ကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇော် ကို ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

**မြန်မာ – တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်**
**တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။　မြန်မာ – တရုတ်နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန်၊ တွေ့ကြုံရသည့်အခက်အခဲများအား အမြန်ဆုံး ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် အထူးစီးပွားရေးဇုန်တည်ထောင်ခြင်းကိစ္စရပ်များနှင့် သက်ဆိုင်မှုမရှိသည့် စီးပွားရေးဆောင်ရွက်ချက်များကိုလည်း အကောင်အထည်ဖော်ရန် ရည်ရွယ်လျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် **မြန်မာ – တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည် ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဥက္ကဋ္ဌ<br>ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အဖွဲ့ဝင်<br>ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (စ) | အဖွဲ့ဝင်<br>ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဠ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | |
| | နယ်စပ်ရေးရာဝန်ကြီးဌာန | |
| (ဥ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | |
| | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | |
| (ဍ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | အကောက်ခွန်ဦးစီးဌာန | |
| | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | |
| (ဎ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | ပြည်တွင်းအခွန်များဦးစီးဌာန | |
| | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | |
| (ဏ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | |
| | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | |
| (တ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | |
| | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | |
| (ထ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | သစ်တောဦးစီးဌာန | |
| | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | |
| (ဒ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | လုပ်ငန်းကြီးကြပ်ရေးဦးစီးဌာန | |
| | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | |
| (ဓ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | |
| | ဆောက်လုပ်ရေးဝန်ကြီးဌာန | |
| (န) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| | ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | |
| | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | |
| (ပ) | ဒုတိယဝန်ကြီး | အတွင်းရေးမှူး |
| | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | |
| (ဖ) | ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |
| | ကုန်သွယ်ရေးဦးစီးဌာန | |
| | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | |

၂။ မြန်မာ – တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ဆောင်ရေးအတွက် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၏ တည်နေရာ၊ အကျယ်အဝန်း၊ နယ်နိမိတ်သတ်မှတ်ချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ အတည်ပြုချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာနိုင်ငံဘက် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်အတွက် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုနည်းလမ်းများရေးဆွဲ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဃ) နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အမြန်ဆုံးတည်ထောင်အကောင်အထည်ဖော်နိုင်ရေး အတွက် မြန်မာ – တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည် ဖော်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လိုအပ်ချက်အရ ထပ်မံဖွဲ့စည်းမည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ သုံးသပ်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းကော်မတီများမှ တင်ပြလာသည့် စီမံကိန်းဆိုင်ရာလုပ်ငန်းကိစ္စရပ်များအား စိစစ်ဆောင်ရွက်ခြင်း၊

(စ) နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်အတွင်း မူဝါဒဆိုင်ရာ ညှိနှိုင်းရမည့်အကြောင်းအရာများ ပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကြံပြုသုံးသပ်၍ လမ်းညွှန်မှုခံယူခြင်း၊

(ဆ) နှစ်နိုင်ငံအကြား အထူးကိစ္စရပ်များ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် အမြန်ဆုံးတွေ့ဆုံညှိနှိုင်း ဖြေရှင်း ဆောင်ရွက်ခြင်း၊

(ဇ) လိုအပ်ပါက လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အထောက်အကူပြုကော်မတီများ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း၊ အကြံပေးပညာရှင် ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ဈ) နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် ဖော်ဆောင်ရေးအတွက် သုတေသနပြုလေ့လာနိုင်ရေး ကျွမ်းကျင်ပညာရှင်များ အဖွဲ့ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၃။ မြန်မာ – တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေး ဆိုင်ရာ လုပ်ငန်းကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>မြေတိုင်းဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>လမ်းဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဍ) | ဦးသုတအောင်<br>စီးပွားရေးပညာရှင် | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>မူဆယ် (၁၀၅) မိုင်၊ ကုန်သွယ်ရေးဇုန် | အတွင်းရေးမှူး |
| (ဏ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>မူဆယ်ခရိုင် | တွဲဖက်အတွင်းရေးမှူး (၁) |
| (တ) | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>ရှမ်းပြည်နယ် | တွဲဖက်အတွင်းရေးမှူး (၂) |

**လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၄။ မြန်မာ – တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (မူဆယ်) တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဒေသအဆင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဖွဲ့သည် ပူးပေါင်းဆောင်ရွက်မှုဇုန်၏ လေးဖက်လေးတန်နယ်နိမိတ်အလားအလာများဖြင့် တည်နေရာ၊ ဖြစ်နိုင်ခြေနှင့် အသေးစိတ်စီမံကိန်းများ၊ စီမံခန့်ခွဲမှုစနစ်၊ ဆောင်ရွက်မည့် ဧရိယာပုံစံ စသည့် ကြိုတင်အခြေခံရမည့် လုပ်ငန်းများအား မိမိနိုင်ငံဘက်အခြမ်းတွင် ကွင်းဆင်းလေ့လာ၍ အကြမ်းဖျင်း စီမံချက်ရေးဆွဲရန်၊

(ခ) သက်ဆိုင်ရာနိုင်ငံအလိုက်ရေးဆွဲထားသည့် အကြမ်းဖျင်းစီမံချက်များကို နှစ်နိုင်ငံဒေသအဆင့် လုပ်ငန်းအဖွဲ့များညှိနှိုင်း၍ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာဖြစ်နိုင်ခြေအား ပူးပေါင်းဖော်ထုတ်ဆောင်ရွက်ရန်၊

(ဂ) နှစ်နိုင်ငံဒေသအဆင့်လုပ်ငန်းအဖွဲ့များ၏ ပူးပေါင်းဖော်ထုတ်ထားသော ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဆောင်ရွက်ချက်အား နှစ်နိုင်ငံဗဟိုကော်မတီများမှ တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရန်၊

(ဃ) နှစ်နိုင်ငံဒေသအဆင့် လုပ်ငန်းအဖွဲ့များနှင့် သက်ဆိုင်ရာဗဟိုကော်မတီတို့၏ ဆက်သွယ်တင်ပြဆောင်ရွက်ချက်များ မြန်ဆန်သွက်လက်ခြင်းမှသည် မူဘောင်သဘောတူညီချက် (Frame Work Agreement) (မူကြမ်း) တွင် ပါဝင်သည့်အချက်များကို သဘောတူညီချက်ရရှိစေရေး ရည်မှန်း၍ ပူးတွဲဆောင်ရွက်ကြရန်၊

(င) နှစ်နိုင်ငံဒေသအဆင့်လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် ပူးပေါင်းဆောင်ရွက်မှုဇုန်၏ နောက်တစ်ဆင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အခြေခံကောင်းများ ချမှတ်ပေးနိုင်ရန်၊

(စ) နှစ်နိုင်ငံဒေသအဆင့်လုပ်ငန်းအဖွဲ့ဝင် မြန်မာနိုင်ငံကိုယ်စားပြု တာဝန်ထမ်းဆောင်နေသောအဖွဲ့သည် ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာဒေသအခြေအနေများကို ဗဟိုကော်မတီသို့ သတ်မှတ်ထားသည့်အချိန်တွင်လည်းကောင်း၊ ထူးခြားအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ လည်းကောင်း တင်ပြရန်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၂ / ၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

### အခွင့်အာဏာအပ်နှင်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ ပါ အခွင့်အာဏာကိုကျင့်သုံးလျက် နိုင်ငံတော်သမ္မတ၏အမိန့် သို့မဟုတ် နိုင်ငံတော်သမ္မတထံမှ အခွင့်အာဏာအရ ဆောင်ရွက်ရမည့် တရားစွဲဆိုတိုင်တန်းသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ စာဖြင့်အခွင့်အာဏာအပ်နှင်းသူကိုလည်းကောင်း အခွင့်အာဏာ အပ်နှင်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | မွေးမြူရေးပညာရှင် | အဖွဲ့ဝင် |
| (န) | အင်ဂျင်နီယာပညာရှင် | အဖွဲ့ဝင် |
| (ပ) | စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးပညာရှင် | အဖွဲ့ဝင် |
| (ဖ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

**အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်**
**ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမျိုးသားအဆင့် **ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(တ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားအဆင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကလေးသူငယ်အခွင့်အရေးများကို အပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတစ်ဝန်းလုံးရှိ မွေးကင်းစမှ အသက်ရှစ်နှစ်အရွယ်ကလေးများ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိစေရေး၊ မူလတန်းကြိုနှင့် မူလတန်းပညာရေးတို့ကို အသက်အရွယ်အလိုက်ရရှိစေရေးတို့အတွက် ဦးဆောင်၍ ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒပါ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအရဖွဲ့စည်းသည့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ အမျိုးသားရေးလုပ်ငန်းအဖြစ် ဦးစားပေးဆောင်ရွက်ခြင်း၊

(ဃ) မူဝါဒပါ မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ရပ်ရွာအဆင့်မှအစပြု၍ အဆင့်တိုင်းတွင် အချင်းချင်းသဘောတူညီချက်များရရှိရန် ပူးပေါင်းဆောင်ရွက်မည့်ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးတို့ကို ညှိနှိုင်းပေးခြင်း၊

(င) မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်မှုပေးခြင်း။

၃။ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီသည် မိမိ၏လုပ်ငန်း ဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

**ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့** ကိုအောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေး၊ သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဈ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ည) အုပ်ချုပ်မှုဒါရိုက်တာ — အဖွဲ့ဝင်
ရင်သွေးငယ်ဖောင်ဒေးရှင်း

(ဋ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့သည် မိမိ၏ လုပ်ငန်းဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၈) မှ သဘောတူညီမှုအရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကတာဝန်ယူ၍ စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ (၂၇) ရုံ

[ပုဂ္ဂလိကသို့ ငှားရမ်းထားသောရုပ်ရှင်ရုံ (၂၆) ရုံနှင့် ပြတိုက်အဖြစ် ဆောင်ရွက်မည့် ရုပ်ရှင်ရုံ (၁) ရုံ] နှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက် (Condition) ပါ ရုပ်ရှင်ရုံ (၉၄) ရုံ၊ စုစုပေါင်းရုပ်ရှင်ရုံ (၁၂၁) ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရုပ်ရှင်ရုံများနှင့်သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများအား သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ယခင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်း ပေးအပ်လိုက်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၈/၂၀၁၈ အားထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာအရ နိုင်ငံပိုင်ရုပ်ရှင်ရုံ (၂၇) ရုံ၏ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြေနှင့်အဆောက်အအုံပိုင်ဆိုင်မှုကို ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်နှင့် ရုပ်ရှင်ရုံငှားရမ်းခသတ်မှတ်ခြင်း၊ ငှားရမ်းစာချုပ် ချုပ်ဆိုခြင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများက ဆောင်ရွက်သွားရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ တာဝန်နှင့်ဝတ္တရားများနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၏ တာဝန်နှင့်ဝတ္တရားများကို အောက်ပါအတိုင်း ဖြည့်စွက်သတ်မှတ် လိုက်သည်-

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံပိုင်ရုပ်ရှင်ရုံ (၂၇) ရုံနှင့် စပ်လျဉ်း၍ မြေနှင့်အဆောက်အအုံပိုင်ဆိုင်မှုကို ဆက်လက်ထိန်းသိမ်းရေးအတွက် အောက်ပါတာဝန်နှင့် ဝတ္တရားများကိုဆောင်ရွက်ရမည်-

(၁) ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရုပ်ရှင်လုပ်ငန်းလိုင်စင်နှင့် ရုပ်ရှင်ရုံ လိုင်စင်ထုတ်ပေးခြင်း၊

(၂) ရုပ်ရှင်ရုံများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သတ်မှတ်ထားသည့် စံချိန် စံညွှန်းနှင့်အညီ ပြသခြင်း ရှိ မရှိ စစ်ဆေးဆောင်ရွက်ခြင်း၊

(၃) တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့ လွှဲပြောင်း ပေးအပ်ထားသော နိုင်ငံပိုင်ရုပ်ရှင်ရုံများ၏ မြေနှင့်အဆောက်အအုံများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ခြင်း၊

(၄) ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံပိုင် ရုပ်ရှင်ရုံများနှင့်စပ်လျဉ်း၍ အောက်ပါ တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်ရမည်-

(၁) နိုင်ငံပိုင်ရုပ်ရှင်ရုံများကို စနစ်တကျငှားရမ်းဆောင်ရွက်၍ ငှားရမ်းခရငွေများနှင့် ရုပ်ရှင်ရုံလိုင်စင်ကြေး များကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဘဏ္ဍာရန်ပုံငွေသို့ ရယူပေးသွင်းခြင်း၊

(၂) ယခင်ကစာချုပ်ချုပ်ဆိုငှားရမ်းပေးထားသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံများနှင့် ပတ်သက်၍ ငှားရမ်းစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၃) ငှားရမ်းစာချုပ် ပျက်ပြယ်သောနိုင်ငံပိုင်ရုပ်ရှင်ရုံများ သို့မဟုတ် ငှားရမ်းသက်တမ်းပြည့်မြောက်သော နိုင်ငံပိုင်ရုပ်ရှင်ရုံများကို စနစ်တကျငှားရမ်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) နိုင်ငံပိုင်ရုပ်ရှင်ရုံများ၏ ငှားရမ်းခနှုန်းထားများကို ကာလဒေသပေါက်ဈေး နှုန်းထားများနှင့် အညီ ငှားရမ်းဆောင်ရွက်ခြင်း၊

(၅) နိုင်ငံပိုင်ရုပ်ရှင်ရုံများကိုစနစ်တကျပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ပေးခြင်း၊

(၆) တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အစီအစဉ်ဖြင့် ချုပ်ဆိုသော နိုင်ငံပိုင်ရုပ်ရှင်ရုံများငှားရမ်းခြင်းစာချုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ မိတ္တူ တစ်စုံပေးပို့ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

### KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ** တွင် အဖွဲ့ဝင် ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန **အစား** အဖွဲ့ဝင် အမှုဆောင်အရာရှိချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဖြင့် ပြင်ဆင်ဖွဲ့စည်း လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်<br>စဉ် | အမည်နှင့်<br>ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်<br>မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးလှိုင်းဝေယံမြင့်<br>တ/၃၂၆၉ | ဖားကန့်<br>ကချင်ပြည်နယ် |
| ၂။ | ဦးရဲဟန်ဇော်<br>တ/၃၃၈၅ | ကျောက်တံခါး<br>ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဒေါ်ခင်စန္ဒာအောင်<br>တ/၃၃၈၆ | ကွမ်းခြံကုန်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးမင်းဇော်သူ<br>တ/၃၄၁၉ | မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>မြောက်ဥက္ကလာပ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ဝေဖြိုးဟန်<br>တ/၃၄၆၅ | မဟာအောင်မြေ<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်<br>စဉ် | အမည်နှင့်<br>ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်<br>မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခင်မြတ်ဖုန်း<br>တ/၃၅၅၇ | ကန်ကြီးထောင့်<br>ဧရာဝတီတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဒေါ်ပြည့်ဖြိုးအိ<br>တ/၃၅၈၈ | ဇနေဖြူ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဦးအောင်ခိုင်ဖြိုး<br>တ/၃၆၂၆ | ရပ်စောက်<br>ရှမ်းပြည်နယ် |
| ၄။ | ဦးဇော်ဇော်ထက်<br>တ/၃၆၃၈ | ပုသိမ်ကြီး<br>မန္တလေးတိုင်းဒေသကြီး |
| ၅။ | ဦးဆုထူးပန်<br>တ/၃၆၄၃ | ဒဂုံမြို့သစ် (ဆိပ်ကမ်း)<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ရမည်းသင်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ရတနာရွှေရည်ဝင်း (တ/၃၄၂၉) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့်တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးစွမ်းထက်နိုင်<br>တ/၃၁၂၉ | ဇနေဖြူ<br>ဧရာဝတီတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဦးအောင်ကျော်ဆန်း<br>တ/၃၁၆၈ | ဖြူး<br>ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဦးထွန်းထွန်းနိုင်<br>တ/၃၂၁၉ | မူဆယ်<br>ရှမ်းပြည်နယ် |
| ၄။ | ဒေါ်နွယ်မွန်စု<br>တ/၃၂၂၁ | ကျောက်တန်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးကြည်ဇင်ဦး<br>တ/၃၃၂၈ | အိမ်မဲ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၆။ | ဦးစောလင်းထက်ဦး<br>တ/၃၃၉၁ | မိုးမိတ်<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၂၆၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

### ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိ လုပ်ငန်းများနှင့် တာဝန်များကို စနစ်တကျနှင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ ဌာနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်လည်းကောင်း၊ ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ စီမံကြီးကြပ်ကွပ်ကဲ လမ်းညွှန်ဆောင်ရွက်နိုင်ရန်လည်းကောင်း **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုတရားသူကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးသာဌေး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်အောင်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | ဦးအောင်ဇော်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| ( င ) | ဦးမျိုးတင့်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| ( စ ) | ဦးမျိုးမောင်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးကြည်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| ( ဇ ) | ဦးခင်မောင်ကြီး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| ( ဈ ) | ဦးတင်ဟုန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (ည) | ဒေါ်ခင်မေရီ<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| ( ဋ ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံ/ ထောက်ပံ့/ လေ့ကျင့်)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(e-Government/ သတင်းပြန်ကြားရေး/ သုတေသန)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တရားစီရင်ရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(လုပ်ထုံး/ စစ်ဆေးရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (ထ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အတွင်းရေးမှူး |

၂။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ** သည် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်ညီညွတ်စွာ ဆောင်ရွက်ရေး၊ ဝန်ထမ်းရေးရာကိစ္စများ၊

ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါ အတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း၊ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်လည်းကောင်း ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးရန်နှင့် သတ်မှတ်ထားသော တာဝန်များအတိုင်း တိကျစွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးတစ်ရုံးစီ၏ လုပ်ငန်းပမာဏကို လေ့လာဆန်းစစ်၍ လုပ်ငန်းပမာဏနှင့်လျော်ညီသော ဝန်ထမ်းအင်အားကို တစ်နိုင်ငံလုံး၏ ဖွဲ့စည်းပုံအင်အားဘောင်အတွင်းမှ ထားရှိရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ဝန်ထမ်းတစ်ဦးချင်း၏ အရည်အသွေးတိုးတက်လာရေး အတွက် လုပ်ငန်းခွင်သင်ကြားရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကိုလည်းကောင်း၊ တရားစီရင်ရေး ကဏ္ဍတွင် အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝစေရန် ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရေး၊ သုတေသနပြုရေးကိစ္စများအတွက် အစီအစဉ်များကိုလည်းကောင်း ချမှတ်ဆောင်ရွက်ရန်၊

(င) နိုင်ငံတော်အပေါ် ဝန်ထမ်းများထားရှိရမည့် သဘောထားခံယူချက် မှန်ကန်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(စ) တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ ခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရန်၊

(ဆ) ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရန်၊

(ဇ) အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု တားဆီးရေးနှင့် ဖော်ထုတ်အရေးယူရေးအတွက် စီမံချက်များ ရေးဆွဲ၍ စီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို စိစစ်ကြပ်မတ်၍ လိုအပ်သည် များကို ညွှန်ကြားရန်၊

(ဈ) တရားစီရင်ရေးလုပ်ငန်း၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းနှင့် ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်မည့်စနစ်နှင့် နည်းပညာများ အသုံးပြုနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်သို့ အဆိုပြုတင်ပြတောင်းခံရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရသုံးမှန်းခြေ ငွေစာရင်း ထည့်သွင်းလျာထားရန်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး လမ်းညွှန်မှုပြုရန်၊

(ဋ) နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ် ကျခံသုံးစွဲခြင်းများနှင့် ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(ဌ) နိုင်ငံတော်ဘဏ္ဍာငွေများ ခြိုးခြံချွေတာသုံးစွဲမှုကို ရှေးရှု၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ငွေကြေးသုံးစွဲမှုများကို တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေး၊ ခြိုးခြံချွေတာစွာ သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

၃။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ** သည် အစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပသွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၀၇၈/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

### စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှု၊ မသမာမှုများရှိကြောင်း တိုင်ကြားချက်များကို ဖြေရှင်းရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၂၇ နှင့်အညီ အောက်ဖော်ပြပါ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁)**

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန |
|---|---|---|
| (ကက) | ဦးထွန်းနိုင်ဦး | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| (ခခ) | ဦးသက်ကိုကို | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (ဂဂ) | ရဲမှူး ညီညီလွင် | ရဲမှူး၊ မှုခင်းရဲတပ်ဖွဲ့ |
| (ဃဃ) | ရဲမှူး မြင့်အေး | ရဲမှူး၊ သတင်းရဲတပ်ဖွဲ့ |
| (ငင) | ဒေါ်ဖြူဦးခိုင် | ဦးစီးအရာရှိ<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁) သည် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်များတွင် ဖြစ်ပွားခဲ့သော တရားမဲ့ပြုကျင့်မှုများ၊ မသမာမှုများနှင့်စပ်လျဉ်း၍ မိမိ၏စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို အမှုတွဲနှင့်အတူ တင်ပြနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပါသည်။

( ခ ) **စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂)**

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** |
|---|---|---|
| (ကက) | ဦးတင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| ( ခခ ) | ဦးအောင်ကျော်ထွန်း | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ( ဂဂ ) | ရဲမှူး အောင်မိုးကျော် | ရဲမှူး၊ မှုခင်းရဲတပ်ဖွဲ့ |
| (ဃဃ) | ရဲမှူး ဇော်ဝင်း | ရဲမှူး၊ သတင်းရဲတပ်ဖွဲ့ |
| ( ငင ) | ဒေါ်ခင်လှရွှေ | ဦးစီးအရာရှိ<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂) သည် ရမည်းသင်းမြို့နယ်တွင် ဖြစ်ပွားခဲ့သော တရားမဲ့ပြုကျင့်မှုများ၊ မသမာမှုများနှင့်စပ်လျဉ်း၍ မိမိ၏စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များ ပါရှိသည့် အစီရင်ခံစာကို အမှုတွဲနှင့်အတူ တင်ပြနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပါသည်။

( ဂ ) **စုံစမ်းစစ်ဆေးရေးအဖွဲ့ (၃)**

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၃) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** |
|---|---|---|
| (ကက) | ဦးခွန်မြတ်ဆန်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| ( ခခ ) | ဦးစောနိုင် | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ( ဂဂ ) | ရဲမှူး စိုးမြင့်အောင် | ရဲမှူး၊ မှုခင်းရဲတပ်ဖွဲ့ |
| (ဃဃ) | ဒုရဲမှူး သက်ခိုင်ဦး | ဒုတိယရဲမှူး၊ သတင်းရဲတပ်ဖွဲ့ |
| ( ငင ) | ဦးသန်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၃) သည် တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သော တရားမဲ့ပြုကျင့်မှုများ၊ မသမာမှုများနှင့်စပ်လျဉ်း၍ မိမိ၏စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များပါရှိသည့်အစီရင်ခံစာကိုအမှုတွဲနှင့်အတူတင်ပြနိုင်ရေး ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့ (၄)**

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၄) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** |
|---|---|---|
| (ကက) | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

| စဉ် | အမည် | ရာထူး၊ ဌာန |
|---|---|---|
| (ခခ) | ဦးသန်းထွန်းဦး | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (ဂဂ) | ရဲမှူး ကျော်စိုး | ရဲမှူး၊ မှုခင်းရဲတပ်ဖွဲ့ |
| (ဃဃ) | ရဲမှူး သန်းထွန်း | ရဲမှူး၊ သတင်းရဲတပ်ဖွဲ့ |
| (ငင) | ဒေါ်စုစုလှိုင် | ဦးစီးအရာရှိ<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၄) သည် ပုဗ္ဗသီရိမြို့နယ်တွင် ဖြစ်ပွားခဲ့သော တရားမဲ့ပြုကျင့်မှုများ၊ မသမာမှုများနှင့်စပ်လျဉ်း၍ မိမိ၏ စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များ ပါရှိသည့် အစီရင်ခံစာကို အမှုတွဲနှင့်အတူ တင်ပြနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပါသည်။

(င) **စုံစမ်းစစ်ဆေးရေးအဖွဲ့ (၅)**

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၅) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန |
|---|---|---|
| (ကက) | ဦးချမ်းငြိမ်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| (ခခ) | ဦးဇော်ဟိန်းအောင် | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (ဂဂ) | ရဲမှူး တင်မိုးအောင် | ရဲမှူး၊ မှုခင်းရဲတပ်ဖွဲ့ |
| (ဃဃ) | ဒုရဲမှူး အောင်ဇော်မင်း | ဒုတိယရဲမှူး၊ သတင်းရဲတပ်ဖွဲ့ |
| (ငင) | ဦးမျိုးဝေ | ဦးစီးအရာရှိ<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၅) သည် ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်များတွင် ဖြစ်ပွားခဲ့သော တရားမဲ့ပြုကျင့်မှုများ၊ မသမာမှုများနှင့်စပ်လျဉ်း၍ မိမိ၏စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို အမှုတွဲနှင့်အတူ တင်ပြနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့များအနေဖြင့် မိမိတို့၏ အစီရင်ခံစာများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ တင်ပြရန်ဖြစ်ပါသည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

## စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး၊ ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းများအကောင်အထည်ဖော်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်နိုင်ရန်နှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ဦးသိန်းစိုး<br>ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ဦးသန်းထွန်း<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်စောဝင်း<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းဝင်း<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (င) | ဦးစောဘလှိုင်<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (စ) | ဦးစိုးဦး<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်မိုးမြင့်<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်လွင်ဦး<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဈ) | ဦးရဲရင့်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ) | အဖွဲ့ဝင် |
| (ည) | ဦးလှထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲခုံရုံးဆိုင်ရာ) | အဖွဲ့ဝင် |
| (ဋ) | ဦးခင်မောင်ဦး<br>ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (ဌ) | ဦးကျော်ကျော်စိုး<br>ညွှန်ကြားရေးမှူး (စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန) | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ စီမံခန့်ခွဲရေးကော်မတီသည် ဥက္ကဋ္ဌရုံးအဖွဲ့အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ကော်မတီ၏လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) ဥက္ကဋ္ဌရုံး၊ ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ ဝန်ထမ်းခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း စသည့်ကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း/လျှော့ချခြင်း ကိစ္စရပ်များအား စိစစ်ကြပ်မတ်ရန်၊

(ဂ) နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) ပြည်ထောင်စုစီမံကိန်းများအရ နိုင်ငံတော်ဘဏ္ဍာငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ဌာနပိုင်ပစ္စည်းစာရင်းမှ ပယ်ဖျက်ခြင်း၊ ထုခွဲရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိစေရေး ကြပ်မတ်ရန်၊

(င) ဥက္ကဋ္ဌရုံး၊ ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းလျာထားခြင်းကိစ္စရပ်များ၊ ဘဏ္ဍာငွေခွင့်ပြုမှုအပေါ် ငွေကြေးသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရေး၊ ဘဏ္ဍာရေးနှစ်အတွင်း လအလိုက် လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ ပုံနှိပ်ထုတ်ဝေရေးဆိုင်ရာကိစ္စရပ်များ၊ e-Government အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများနှင့် အထက်အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားရန်၊

(ဇ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှဆောင်ရွက်ရမည့် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအတွက် အစီအမံများ ရေးဆွဲညှိနှိုင်းဆောင်ရွက်ရန်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အဖွဲ့လိုက်စုစည်း၍လည်းကောင်း၊ ကျွမ်းကျင်ရာအလိုက် လုပ်ငန်းကဏ္ဍပိုင်းခြား၍လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**သက်ပြည့်အငြိမ်းစား ယူခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၁) လ ကို ငြင်းပယ်လိုက်ပြီး ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအဖြစ် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ ခံစားခွင့် ပြုလိုက်သည်။

၂။ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) နှင့်အညီ သက်ပြည့်အငြိမ်းစား ယူခွင့် ပြုလိုက်သည်။

၃။ ဤရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၂၀ ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးတိုးမြှင့်ခန့်ထားခြင်း**

၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုင်းကျော်သူ အား လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲခုံရုံးဆိုင်ရာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

**ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခန့်ထားခြင်း**

၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်မျိုးလွင် အား လစ်လပ်လျက်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာန၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်)

**စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး၊ ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းများအကောင်အထည်ဖော်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်နိုင်ရန်နှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးသိန်းစိုး — ဥက္ကဋ္ဌ
ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ခ) ဦးသန်းထွန်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဂ) ဦးအောင်စောဝင်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဃ) ဦးသန်းဝင်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( င ) ဦးစောဘလှိုင် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( စ ) ဦးစိုးဦး — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဆ) ဦးအောင်မိုးမြင့် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဇ ) ဦးအောင်လွင်ဦး — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဈ) ဦးသန်းစိုး — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ည) ဦးဘရန်ရှောင် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဋ ) ဦးမြင့်ဦး — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဌ ) ဦးခင်မောင်ဦး — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဍ ) ဒေါ်နုမြဖဲ — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဎ ) ဦးမြင့်သိန်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဏ) ဒေါက်တာဘမောင် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(တ) ဦးရဲရင့်လွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ)

(ထ) ဦးစိုင်းကျော်သူ — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲခုံရုံးဆိုင်ရာ)

( ဒ ) ဦးကျော်ကျော်စိုး — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန)

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ စီမံခန့်ခွဲရေးကော်မတီသည် ဥက္ကဋ္ဌရုံးအဖွဲ့ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ကော်မတီ၏လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်သည်–

(က) ဥက္ကဋ္ဌရုံး၊ ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ ဝန်ထမ်းခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း စသည့်ကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်သာချောင်ချိရေး ဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း/လျှော့ချခြင်း ကိစ္စရပ်များအား စိစစ်ကြပ်မတ်ရန်၊

(ဂ) နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) ပြည်ထောင်စုစီမံကိန်းများအရ နိုင်ငံတော်ဘဏ္ဍာငွေမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ဌာနပိုင်ပစ္စည်းစာရင်းမှ ပယ်ဖျက်ခြင်း၊ ထုခွဲရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိစေရေး ကြပ်မတ်ရန်၊

(င) ဥက္ကဋ္ဌရုံး၊ ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ နှစ်စဉ်ရသုံးမှန်းခြေ ငွေစာရင်း လျာထားခြင်းကိစ္စရပ်များ၊ ဘဏ္ဍာငွေခွင့်ပြုမှုအပေါ် ငွေကြေးသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရေး၊ ဘဏ္ဍာရေးနှစ် အတွင်း လအလိုက် လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရသောကိစ္စရပ်များ၊ ပုံနှိပ်ထုတ်ဝေရေးဆိုင်ရာကိစ္စရပ်များ၊ e-Government အကောင် အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများနှင့် အထက်အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားရန်၊

(ဇ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှဆောင်ရွက်ရမည့် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအတွက် အစီအမံများ ရေးဆွဲညှိနှိုင်းဆောင်ရွက်ရန်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အဖွဲ့လိုက်စုစည်း၍လည်းကောင်း၊ ကျွမ်းကျင်ရာအလိုက် လုပ်ငန်းကဏ္ဍပိုင်းခြား၍ လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၁/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

### ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀၀ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၂၄ (ဇ) နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၅၁ အရ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအသီးသီးကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် –

| | | |
|---|---|---|
| (က) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ် | အဖွဲ့ဝင် |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဃ) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| (င) | ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| (စ) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| (ဆ) | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ရင်းနှီးမြှုပ်နှံမှုကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၇၊ ၄၉/၂၀၁၇၊ ၅၀/၂၀၁၇၊ ၅၁/၂၀၁၇၊ ၅၂/၂၀၁၇၊ ၅၃/၂၀၁၇၊ ၅၄/၂၀၁၇၊ ၅၅/၂၀၁၇၊ ၅၆/၂၀၁၇၊ ၅၇/၂၀၁၇၊ ၅၈/၂၀၁၇၊ ၅၉/၂၀၁၇၊ ၆၀/၂၀၁၇၊ ၆၁/၂၀၁၇၊ ၆၂/၂၀၁၇ နှင့် ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာများကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မိုးမြင့်ထွန်း

ဒုတိယဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ ထုတ်ဝေခဲ့သည့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒပါ လုပ်ငန်းရပ်များအား စိစစ်အကဲဖြတ်ခြင်း၊ သုံးသပ်ပြင်ဆင်ခြင်း၊ ထိန်းချုပ်တည့်မတ်ပေးခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် **မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) အတွင်းရေးမှူး အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ဌ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဍ) အထွေထွေမန်နေဂျာ တွဲဖက်အတွင်းရေးမှူး
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ဆက်စပ်သော စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထုတ်လုပ်မှုကွန်ရက်အတွင်း ဝင်ရောက်လာနိုင်စေရန် စီမံခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒပါလုပ်ငန်းရပ်များအကောင်အထည်ဖော်ရန်လိုအပ်သည့်လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် စံပြုလုပ်ငန်းစဉ် (Standard Operating Procedure–SOP) များ ထုတ်ပြန်ခြင်း၊

(ဂ) ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ဆက်စပ်သော စက်မှုလုပ်ငန်းများအတွက် သင့်လျော်သည့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဃ) အရည်အသွေးပြည့်မီပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ဘေးကင်းလုံခြုံမှုရှိစေသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ဆိုင်ရာ အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေးအတွက် စံသတ်မှတ်ချက်များ၊ စည်းမျဉ်းများချမှတ်၍ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး အတည်ပြုဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းရှိ မော်တော်ယာဉ်ဆိုင်ရာ ပံ့ပိုးမှုစက်မှုလုပ်ငန်းများ [မော်တော်ယာဉ်ဆိုင်ရာ အစိတ်အပိုင်းနှင့်စနစ်များ (Component Parts & System)၊ အပိုပစ္စည်းများနှင့် စက်ကိရိယာများ] နှင့် ပြည်တွင်း ပြည်ပ မော်တော်ယာဉ် ထုတ်လုပ်သူများ အချင်းချင်းချိတ်ဆက်မှု အားကောင်းလာစေရေးနှင့် ထုတ်လုပ်မှုကွန်ရက်သို့ ဝင်ရောက်နိုင်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

(စ) မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းအတွက် မြန်မာစံချိန်စံညွှန်းများကို လိုက်နာစေခြင်းအပြင် အာဆီယံဒေသတွင်း မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် (ASEAN Mutual Recognition Arrangement on Type Approval for Automotive Products–ASEAN APMRA) အရ အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှုပေးခြင်း၊

(ဆ) မော်တော်ယာဉ်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ (Automotive Institution) ခိုင်မာအားကောင်းလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး (Human Resources Development) မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရေးဆိုင်ရာ လမ်းညွှန်မှုပေးခြင်း၊

(ဇ) ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် မော်တော်ယာဉ်များကို ထုတ်လုပ်သူနှင့် ရောင်းချသူများအနေဖြင့် ဈေးနှုန်းများ မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားခြင်းများ မပြုလုပ်နိုင်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ထိန်းချုပ်ကြပ်မတ်ခြင်း၊

(ဈ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆပ်ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်)

### နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အသွင်ကူးပြောင်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးကို ရှေးရှု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးတွင် အဓိကမောင်းနှင်အားအဖြစ် ရပ်တည်နေသော ပုဂ္ဂလိကအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အသွင်ကူးပြောင်းရေးအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (စီမံ)<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဒုတိယဝန်ကြီး (ဘဏ္ဍာ)<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |

(ဋ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း

(ဌ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆေးဝါးလုပ်ငန်း

(ဎ) ဒုတိယဝန်ကြီး (စက်မှု) အတွင်းရေးမှူး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြုပြင်ပြောင်းလဲရန်လိုအပ်သောနိုင်ငံပိုင်စက်ရုံ၊အလုပ်ရုံများအားအသွင်ကူးပြောင်းနိုင်ရေးအတွက် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံပိုင်ကဏ္ဍဖြင့် ဆက်လက်ဆောင်ရွက်မည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား အောင်မြင်မှုရှိစေရေးနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပြုချက်များပေးရန်၊

(ဂ) အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများနှင့်စပ်လျဉ်း၍ အစိုးရက ဖိတ်ခေါ်မည့် Solicited Proposal များ ပြင်ဆင်ခြင်းနှင့် ပုဂ္ဂလိကမှ ဆန္ဒအလျောက် တင်ပြလာသည့် Unsolicited Proposal များအား စိစစ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) ပုဂ္ဂလိကသို့ အပြီးအပြတ် လွှဲပြောင်းရောင်းချ ဆောင်ရွက်နိုင်မည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား စိစစ်ဖော်ထုတ်ရန်၊

(င) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများပို့ချ ပေးနိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချမည့်စက်ရုံအလုပ်ရုံများမှနိုင်ငံ့ဝန်ထမ်းများအားနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ များပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံဆောင်ရွက်နိုင်ရေးအတွက် မူဝါဒတစ်ခု ချမှတ်ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆက်နွှယ်သူများ (နိုင်ငံ့ဝန်ထမ်းများ၊ စီမံခန့်ခွဲသူများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူများ) အား အသိပေးနိုင်ရန်အတွက် ပြည်သူ့ဆက်ဆံရေး မဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဇ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးရန်။

၃။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၀/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဒုတိယသမ္မတ (၁) ဦးစီးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ လူမှုရေးနှင့် ယဉ်ကျေးမှု ဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦး အား ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

ခင်လတ်

အမြဲတမ်းအတွင်းဝန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

အမှတ် ၂၀/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် –

| | | | |
|---|---|---|---|
| (၁) | ဆန်းထူးအောင် | ကြည်း ၇၇၁၂၁ | ၁၃-၂-၂၀၂၁ |
| (၂) | ကျော်ထင် | ကြည်း ၇၇၁၂၂ | ၁၃-၂-၂၀၂၁ |
| (၃) | ဝင်းစိုး | ကြည်း ၇၇၁၂၃ | ၁၄-၂-၂၀၂၁ |
| (၄) | အောင်လင်း | ကြည်း ၇၇၁၂၄ | ၁၅-၂-၂၀၂၁ |

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမှတ် ၂၁/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | |
|---|---|
| သန်းဦး | ကြည်း ၇၇၁၂၅ |

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

အမှတ် ၂၂/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ကြည်လွင် | ကြည်း ၇၇၁၂၆ |
| (၂) | တင်ထွန်းဝင်း | ကြည်း ၇၇၁၂၇ |
| (၃) | ညွှန့်ဝင်း | ကြည်း ၇၇၁၂၈ |
| (၄) | တင်မြင့် | ကြည်း ၇၇၁၂၉ |

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

အမှတ် ၂၄/၂၀၂၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၃/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | |
|---|---|
| အောင်ငွေး | ကြည်း ၇၇၁၃၀ |

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

အမှတ် ၃၃/၂၀၂၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | |
|---|---|
| ရဲဝင်း | ကြည်း ၇၇၁၃၁ |

## (လေတပ်ဌာနစု)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

အမှတ် ၂/၂၀၂၁။ အောက်ဖော်ပြပါ လေကြောင်းအချက်ပြကြီးအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ အစပြု၍ တပ်မတော်(လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်)အဖြစ် ခန့်အပ်လိုက်သည်-

မျိုးလွင် လေ ၄၄၇၈

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမှတ် ၃/၂၀၂၁။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) အောင်ဝင်း လေ ၄၄၇၉

(၂) မောင်မောင်ဦး လေ ၄၄၈၀

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်)

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊အောင်လံမြို့နယ်၊တယ်ပင်ကျေးရွာအုပ်စု၊ကွင်း/အကွက်အမှတ်နှင့် အမည် (-)၊ ဦးပိုင်အမှတ် (-) ရှိ မြေဧရိယာ **၃.၅၁ ဧက** အား **ဇီးတောရတရားရိပ်သာကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်)

အမှတ် ၆။ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါ ဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ် (၃၃) တွင် တည်ဆောက်ထားသော Padauk Shwe War Port & Petroleum Co.,Ltd ၏ဆိပ်ခံတံတား၌ စက်သုံးဆီတင် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်၍ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဆိပ်ခံတံတားနေရာကို ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ အထိ (၃) လ အကောက်ခွန်ဆိပ်ခံတံတားနေရာ (ယာယီ) ဆိပ်ကမ်းအဖြစ် သက်တမ်းတိုးမြှင့် သတ်မှတ်လိုက်သည်။

ရန်ကုန်မြို့၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁၂ ရက်)

အမှတ် ၇။ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုအနီး ကတန်ကျွန်း၏ မြောက်ဘက်၊ သမီးလှကျွန်း၏ အရှေ့ဘက် (LAT 12°42' 18.80" N & LONG 98°24' 28.90" E) တွင် Zeya & Associates Co., Ltd မှ LNG Ship to Ship Operation ပြုလုပ်ပြီး အကောက်ခွန် ရှင်းလင်းရေးကိစ္စများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် အဆိုပါနေရာအား အကောက်ခွန်ဆိပ်ကမ်းတံတားနေရာအဖြစ် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ အထိ (၃) လ ယာယီဆိပ်ကမ်းအဖြစ် သက်တမ်းတိုးမြှင့် သတ်မှတ်လိုက်သည်။

ကျော်ထင်
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ကုသရေးဦးစီးဌာန

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

အမှတ် ၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (ခွဲစိတ်) ဒေါက်တာမင်းဦး (ဆမ-၁၀၃၇၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြတ်ဝဏ္ဏစိုး
ခေတ္တညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၂၀၃၀/၁၀-၄-၂၀၂၂။

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ဘောဂဂုဏ် ကျောက်မျက် ကုမ္ပဏီလီမိတက်
### (BAWGA GONE GEMS COMPANY LIMITED)
### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
### ကုမ္ပဏီကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဘောဂဂုဏ် ကျောက်မျက် ကုမ္ပဏီလီမိတက် (BAWGA GONE GEMS COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၆-၂-၂၀၂၁) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ဝင်း (B.Sc, H.G.P., R.L) အမှတ် (၅၀/ပထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၅-၄-၂၀၂၁) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြော်ငြာလိုက်ပါသည်။

ဦးသိန်းထူး
ဒါရိုက်တာ
Bawga Gone Gems Company Limited
ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးကျော်ဝင်း
B.Sc, H.G.P., R.L
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၉-၄၄၃၁၁၂၈၇၃